# Guideline for test-takers (M4 Level)

**No.** **Content**

1. Introduction
2. Exam outline
3. Tip and detail explanations for
   3.1 Listening part
      3.1.1 Listening part 1
      3.1.2 Listening part 2
      3.1.3. Listening part 3
      3.1.4. Listening part 4
      3.1.5. Listening part 5

   3.2 Reading part
      3.2.1. Reading part 1
      3.2.2. Reading part 2-1
      3.2.3. Reading part 2-2
      3.2.4. Reading part 3
      3.2.4. Reading part 4

Copyright © MLT Association

# 1. INTRODUCTION

M4 level is the Advanced level of Myanmar Language Test. It is intended to evaluate the candidates' knowledge of advanced vocabularies and difficult paragraph reading. It is mainly for advanced learners of Burmese who are able to communicate like a native or in a business situation and read the paragraph with advanced level usage.

Features

1. Vocabulary and Grammar from MB to M4 [Vocab range 4000~ 5000]
2. Advanced Grammar Pattern for fluent and formal conversation.
3. 50% Spoken Style of Language and 50% Written style of Language
4. Learning period: 2 year (576 hours)

Copyright © MLT Association

## 2. EXAM OUTLINE

**All instructions are in Burmese.**

| No. | Questions | *Qty:* |
|---|---|---|
| | Listening part | |
| 1 | မှန်သောအဖြေကို ရွေးပါ။ | *10* |
| 2 | စကားပြောကို နားထောင်၍ စကားပြောနှင့် သက်ဆိုင်သောအဖြေကို ရွေးပါ။ | *10* |
| 3 | ကွက်လပ်နှင့်ကိုက်ညီမယ့် အဖြေမှန်ကိုရွေးပါ။ ကွက်လပ်နေရာမှာ အသံကြားပါမယ်။ | *2* |
| 4 | စကားပြောကိုနားထောင်ပြီး မေးခွန်းများကိုဖြေပါ။ | *3* |
| 5 | စကားပြောကိုနားထောင်ပြီး မေးခွန်းကိုဖြေပါ။ | *2* |
| | Reading part | |
| 1 | သင့်တော်သောစကားလုံးကို ကွက်လပ်တွင်ဖြည့်ပါ။ | 18 |
| 2 | ပေးထားသောစာပိုဒ်များကိုဖတ်၍ စာပိုဒ်တစ်ပိုဒ်စီ၏ ဆိုလိုရင်းကိုရွေးပါ။ | 6 |
| 3 | စာပိုဒ်များကို ဂရုတစိုက်ဖတ်ရှု၍ သင့်လျော်သော စကားလုံးဖြင့် ကွက်လပ်တွင်ဖြည့်ပါ။ | 2 |
| 4 | အောက်ပါစာပိုဒ်ကို ဂရုတစိုက်နှံ့စပ်စွာ ဖတ်ရှု၍ မေးခွန်းများကိုဖြေပါ။ | 5 |

Copyright © MLT Association

# 3. TIPS AND DETAILED EXPLANATION OF LISTENING PART

## 3.1. Listening part

### Listening Part 1

- In this question, there will be one question and four choices are in the audio. (The whole choices will be repeated two times)
- Both questions and answers are in the audio and no picture is given.
- Firstly, listen to the question carefully and try to figure out what the answer is. Try to know minor differences between each choice.
- The questions are mostly about verbs and nouns and sometimes adjectives.
- To be able to answer this question, you need to know all the M4 vocabularies and plus how to use it. You also need to know the similar vocabulary with different usage.

Example:

| | | | |
|---|---|---|---|
| **1** | **မှန်သောအဖြေကို ရွေးပါ။** | | |
| (1) | | | |
| ၁. | ၂. | ၃. | ၄. |

*Audio:* ***အလုပ်ကတတဝန်လည်းများသလို လစာလည်းမကောင်းတာကြောင့် အဆင်မပြေဘူး။***

*စကားပြောသူသည် အလုပ်နှင့်ပတ်သက်၍*
*၁. ထင်ကြေးပေးနေသည်။*
*၂. ငြီးငွေ့နေသည်။*
*၃. တီးခေါက်ကြည့်နေသည်။*
*၄. တောင်းဆိုနေသည်။* *x 2 times*
[Answer: 2]

Copyright © MLT Association

## Listening Part 2

- In this question, one sentence or question will be read in the audio. Four sentences are given.
- Listen to the question carefully and try to understand what the question is.
- Read the choices carefully and try to figure out the most suitable one.
- To be able to answer the question, you have to know all the vocabularies of M4 and their usage. You also have to comprehend all sentences in the choice.

Example:

**2** **စကားပြောကို နားထောင်၍ စကားပြောနှင့် သက်ဆိုင်သောအဖြေကို ရွေးပါ။**

(1)
၁. မိဘများက သမီးကို မျက်နှာလွှဲထားကြသည်။
၂. သမီးသည် မိဘများကို ဆောင့်ဆွဲသည်။
၃. မိဘများက သမီးကို မျက်နှာသာပေးသည်။
၄. သမီးသည် မိဘများကို ဆောင့်အောင့်နေသည်။

*Audio: သမီးလေးသည် လိုချင်တာမရ၍ အဖေနှင့်အမေကို နှုတ်ခမ်းဆူပြီး ဆူဆောင့်လေတော့သည်။* *x 2 times*
[Answer: 4]

Copyright © MLT Association

## Listening Part 3

- This part contains two sets of listening parts. (3-1) and (3-2)
- Each part has 2 questions.
- This question is a conversation between two people. (Person A and Person B)
- In this question, two people are talking about something and you will hear a sound (kind of music) for the blank (where you need to answer). After that you need to answer what the next conversation is.
- There will be two blank conversations to answer each question.
- To be able to answer this question, you'll need to focus on the conversation and try to guess what he or she will talk about next. It's all about conversational skills.
- Read the choices carefully and choose the most possible one that is matched with the conversation in the audio.
- Need to know all the M4 vocabularies and daily conversation usage that we use in daily life.

Example:

**3**

3 **ကွက်လပ်နဲ့ ကိုက်ညီမယ့် အဖြေမှန်ကိုရွေးပါ။**

3-1.

(1)

၁. ဟုတ်ကဲ့ရှင့်။ ဘယ်လောက်ဈေးခေါ်ရမလဲရှင်။

၂. ဟုတ်ကဲ့ရှင့်။ ဘယ်လိုအရောင်မျိုး ဝတ်ချင်ပါသလဲရှင်။

၃. ဟုတ်ကဲ့ရှင့်။ ဘယ်လောက်နဲ့ဈေးဖြတ်ပေးရမလဲ။

၄. ဟုတ်ကဲ့ရှင့်။ ဘယ်လို ထုံးဖွဲ့ချင်ပါသလဲရှင်။

Copyright © MLT Association

(2)

၁. ဟုတ်ကဲ့၊ အစ်ကို။ ဝတ်လိုက်ရင် အရမ်းကျက်သရေရှိတယ်။

၂. ဟုတ်ကဲ့။ ဒီပက်လက်ကုလားထိုင်နဲ့ဆို အဆင်ပြေတယ်။

၃. ဟုတ်ကဲ့။ ဒေါက်ဖိနပ် ပြပေးရမလားရှင်။

၄. ဟုတ်တယ်။ ဝတ်လိုက်ရင် ဖရိုဖရဲ ဖြစ်စေတယ်။

*Audio: A. မင်္ဂလာပါ။ မင်္ဂလာပွဲမှာဝတ်ဖို့ သတို့သား၊သတို့သမီးအတွက် မြန်မာဝတ်စုံကြည့်ချင်လို့ပါ။*

*B. ------------------------------------------------ (1)*

*A. ကျွန်တော်မပြောတတ်ဘူး အရင်ပြကြည့်ပေးပါ။*

*B. ဒါဆို ဒီအဖြူရောင် ဝတ်စုံလေးကြည့်ကြည့်ပါ။*

*A. အင်း။ ဒီဟာ သတို့သမီးနဲ့ အဆင်ပြေမယ်ထင်တယ်။*

*B. ------------------------------------------------ (2)*

*A. ဟုတ်ကဲ့။ ရွေးပေးလို့ ကျေးဇူးပါ။* *x 2 times*

(1) [Answer: 2]

(2) [Answer: 1]

MLT

Copyright © MLT Association

## Listening Part 4

- This question is a conversation between two people talking about something or someone.
- There are 2 sets of questions which are 4-1, 4-2 and 4-3.
- There are two "fill in the blank" type questions in 4-1. In particular, they ask about a word (**nouns**, **verbs**, **adverbs)** or phrase relating to the conversation
- There are 2 questions in 4-2. In the first two questions, you need to choose the clause and connect the sentence that is given in the question.
- And lastly there are 2 questions in 4-3 and it is about "Question and Answer".
- Listen to the conversation carefully and remember the speaker's names.
- Then, read the questions carefully and you could answer some of the questions within the time that is given first. After that, try to make sure of all the questions in the second round audio.
- Need to know and usage of all M4 vocabularies.

Example:

4

**4 စကားပြောကိုနားထောင်ပြီး မေးခွန်းများကိုဖြေပါ။**

(1) ကွက်လပ်အတွက် သင့်တော်သော အဖြေကို ရွေးပါ။

-1- သားနှင့်သူ၏ယောကျ်ားလေး သူငယ်ချင်းများ (      ) က စကားများရန်ဖြစ်ကြသည်။

၁. လွန်ခဲ့သော တစ်လ

၂. လွန်ခဲ့သော ၂ ရက်

၃. မနေ့က

၄. သန်ဘက်ခါ

-2- မောင်မောင့်အမေက သားကို သေချာ (      ) ပေးဖို့ မေမေ့ကိုပြောခဲ့တယ်။

၁. ထောင်ဖမ်း

၂. ထောက်ပံ့

၃. ထိန်းသိမ်း

၄. ထောက်ထား

Copyright © MLT Association

(2) ပေးထားသော စာကြောင်းနှင့်ဆက်ရန် သင့်တော်သော အဖြေကိုရွေးပါ။

-1- ဘောလုံးယှဉ်ပြိုင် ကစားကြရာတွင် မောင်မောင်တို့အသင်းကို -------

၁. သားတို့အသင်းက ရှုံးသိပ်ပေးခဲ့သည်။
၂. သားတို့က ဒေါကန်ခဲ့သည်။
၃. သားတို့အသင်းက တိုင်ချက်ဖွင့်ခဲ့သည်။
၄. သားတို့အသင်းက အနိုင်ရခဲ့သည်။

-2- မောင်မောင့်တို့အသင်းဘက်မှ စတင်၍ ကျော်ကျော့်အပေါ်တွင် ------

၁. မဆင်မခြင်ပြုမူကြသည်။
၂. သဘောထားကြီး ကြသည်။
၃. ခေါင်းခံသည်။
၄. စုန်အုပ်သည်။

Copyright © MLT Association

(3)ပေးထားသော မေးခွန်းများအတွက် သင့်တော်သော အဖြေကိုရွေးပါ။

-1- အမေကသားကို ဘယ်လိုနေစေချင်သလဲ။

၁. ဒေါသထွက်သည့်တိုင် မိမိကိုယ်ကို ညှာတာစေချင်တယ်။
၂. ကိုစွတိုင်းတွင် စိတ်ကိုထိန်းချုပ်ပြီး ဉာဏ်ရှိစွာ ပြုမူဆောင်ရွက်စေချင်တယ်။
၃. မည်သည့်အခြေအနေတွင်မဆို ဉာဏ်များစေချင်တယ်။
၄. မိမိအပေါ် အများကျူးလွန်သည့်အခါ တစ်ဖက်လူကို တိုက်ခိုက်စေချင်တယ်။

-2- မိမိဒေါသကို မထိန်းချုပ်နိုင်လျှင် မည်ကဲ့သို့ဖြစ်တတ်သနည်း။

၁. လူတကာ၏ နှာခေါင်းရှုံ့ခြင်းကို ခံရမည်။
၂. အမှားနှင့် အမှန်ကို ခွဲခြားမြင်နိုင်သည်။
၃. မိမိကိုယ်သာမက သူတစ်ပါးကိုပါ ထိခိုက်စေနိုင်သည်။
၄. ဘဝအတွက် အကျိုးပေးသောအရာများ ဖြစ်တတ်သည်။

Copyright © MLT Association

**Audio:**

အမေ။ ။သားရေ၊ ဒီကို ခဏလာပါဦး။

သား ။ ။ဗျာ၊ ဟုတ်ကဲ့။ လာပါပြီ ။မေမေ။

အမေ။ ။သားဒီမှာထိုင်ပါဦး။ မေမေသားကို မေးစရာလည်းရှိ၊ ဆုံးမစရာလည်းရှိတယ်။
သား ဟိုနေ့က မောင်မောင်တို့နဲ့ ငြင်းခုံရင်း ရန်ဖြစ်ကြတယ်ဆို။မောင်မောင့်
အမေက ကိုယ့်သားကိုကိုယ် သေချာထိန်းပါဆိုပြီး မေမေ့ကို ဒီမနက်
ဈေးမှာတွေ့တော့ မှာလိုက်တယ်။

သား ။ ။ ရန်ဖြစ်ကြတာ ဟုတ်ပါတယ်၊ မေမေ။ ဘောလုံးကန်တော့ သူတို့အသင်း
ရှုံးသွားတာကို မကျေနပ်ဘဲ သူတို့ဘက်က အရင်စပြီးစကားနာထိုး တယ်။
ပြီးတော့ သားသူငယ်ချင်းကျော်ကျော့်ကိုလည်း အင်္ကျီ ကို ဆောင့်ဆွဲပြီး ထိုးဖို့
လုပ်ကြတယ်။

အမေ။ ။ ဒါနဲ့ပဲသားက သူ့ကို ထိုးပစ်လိုက်တာလား သား။

သား ။ ။ သားမလုပ်ပါဘူးမေမေ။ အကုန်လုံးက ဒေါကြီးမောကြီးဖြစ်နေချိန်မှာ
ထင်ရာစိုင်းလိုက်ကြမှာစိုးလို့ သားက ရန်မဖြစ်ကြဖို့ ဝင်တားခဲ့တာပါ။

အမေ။ ။ အင်း ၊ သားမလုပ်ဘူးဆိုပြီးတာပါပဲ။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ်
ဒေါသကိုထိန်းပြီးဉာဏ်နဲ့ဆင်ခြင်ပါသား။ဒေါသကြောင့်အမှားပါတတ်တယ်။
ဘယ်သူ့ အတွက်မှ အကျိုးမရှိတဲ့အပြင် ဒုက္ခရောက်စေမယ့် ကိစ္စတွေကို
ရှောင်နိုင်အောင် ကြိုးစားပါ သား။

သား ။ ။ဟုတ်ကဲ့ပါ မေမေ။ သားမှတ်ထားပါ့မယ်။

(1)
-1- [Answer 2]
-2- [Answer 3]
(2)
-1- [Answer 4]
-2- [Answer 1]
(3)
-1- [Answer 2]
-2- [Answer 3]

Copyright © MLT Association

## Listening Part 5

- This question is a conversation between two people talking about something or someone. There will be 2 questions related to conversation. This question is completely for listening skill.
- Mostly, the conversation is about one's characters, manners and behaviors.
- Both questions are about speakers (by name).
- It is normally a conversation between two people talking about other people.
- To be able to answer this question, you need to know speakers' names and what they are talking about (gossip, one's manners or personal case). Speakers' names are always included when they are talking about something. It might be at first or the last. ( e.g. **ရှန်းရှန်း**ရေ မနေ့ကငါနင့်ကို ပြောစရာရှိလို့ ဖုန်းဆက်သေးတယ်)
- Listen to the conversation carefully and try to focus on the main part of each speaker.
- Listen to the choices carefully because they are usually complicated using complex sentences with advanced vocabularies so you need to know all M4 vocabularies but there is always one point that makes the answer stand out so that you need to figure out that point. **(e.g adverb)**

5

**5** စကားပြောကိုနားထောင်ပြီး မေးခွန်းကိုဖြေပါ။

**5-1**

၁. ၂. ၃. ၄.

**5-2**

၁. ၂. ၃. ၄.

Copyright © MLT Association

**Audio Script and Answer.**

ဒေါ်မြ ။ ။ကျော်ကျော်ပါလား။ ကြားသားမိုးကြိုး၊ အိမ်ကိုလာလို့ပါလား။

ကျော်ကျော်။ ။အန်တီနေထိုင်မကောင်းဘူးကြားလို့, ကျွန်တော်လာခဲ့တာပါ၊ အေးမြကလည်း
အန်တီ့အနားမရှိတော့ အန်တီ့ကိုစောင့်ရှောက်ဖို့, ကျွန်တော့်မှာတာဝန်ရှိပါတယ်။

ဒေါ်မြ။ ။ကျေးဇူးပါကွယ်။ အန်တီ ရိုးရိုးနာစေး ချောင်းဆိုးလောက်ဖြစ်တာပါ။

ဘာမှစိတ်ပူစရာမရှိပါဘူး။ဆရာဝန်နဲ့ လည်းပြ ပြီးပြီ၊ အေးမြဟိုမှာ
နေသားကျရဲ့လားပဲ အန်တီက စိုးရိမ်နေတာ။ အနောက်တိုင်းက
အစားအသောက်နဲ့, ရာသီဥတုက ဒီနဲ့တော့ အများကြီးကွာနေမှာ။

ကျော်ကျော်။ ။အေးမြက ထက်ထက်မြက်မြက်ရှိတဲ့ မိန်းကလေးမို့,
ဘယ်ရောက်ရောက်အဆင်ပြေမယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပြီးသားပါ။
သူ့သူငယ်ချင်းဖြစ်လို့, ကျွန်တော်အမြဲဂုဏ်ယူရတယ်။

ဒေါ်မြ။ ။ ကျေးဇူးတင်ပါတယ် ကျော်ကျော်ရယ်။အေးမြအစား အန်တီ့ကို
အခုလိုဂရုစိုက်ပေးတာလည်း တစ်ကယ်ကို ကျေးဇူးတင်ပါတယ်။

ကျော်ကျော်။ ။ ရပါတယ်အန်တီ၊ အေးမြလည်းသူ့အမေအတွက်
အဝေးကနေစိတ်ပူနေမယ်လို့, ကိုယ်ချင်းစာမိလို့ပါ။ သူနဲ့က
ငယ်ပေါင်းတွေမို့လို့, ဘာမှ အားနာနေစရာမရှိပါဘူး။
အန်တီသာ ကျန်းမာရေးကို ဂရုစိုက်ပါ။ လိုအပ်တာမှန်သမျှ ကျွန်တော့်ကိုပြောပါ။

ဒေါ်မြ။ ။ ဘာမှ များများစားစားလိုတာမရှိပါဘူးကွယ်၊ လိုတာရှိရင် သားကိုပြောပါ့မယ်။

ကျော်ကျော်။ ။ ဟုတ်ကဲ့ပါ အန်တီ။

Copyright © MLT Association

(1) ကျော်ကျော်နှင့်ပတ်သက်၍ မှန်သော စာပိုဒ်ကို ရွေးပါ။

၁.ကျော်ကျော်သည် အေးမြမရှိချိန်ကို အခွင့်ကောင်းယူ၍ သူ့အိမ်ကိုသွားရောက်ပြီး နေမကောင်းသူ အမေအိုကြီးအား ဓားမြတိုက်ကာ ပိုက်ဆံနှင့်ရွှေများကို ယူဆောင်ထွက်ပြေးလေသည်။

၂. ကျော်ကျော်သည် အေးမြအားငယ်စဉ်ကတည်းမှ တစ်ဖက်သတ်ချစ်မြတ်နိုးနေခဲ့သူဖြစ်ပြီး အေးမြကို လိုလေသေးမရှိအောင် အစစအရာရာ ကူညီဖြည့်ဆည်းပေးသူ တစ်ဦးဖြစ်ပေသည်။

၃. ကျော်ကျော်သည် သမက်အလိမ္မာတစ်ဦးဖြစ်သည့်အလျောက် ဇနီးအနောက်နိုင်ငံသို့ရောက်နေချိန်တွင် မိမိ၏ယောက္ခမကို အမေအရင်းကဲ့သို့ ပြုစုပေးပြီး တာဝန်ယူတတ်သောစိတ် ရှိသူဖြစ်သည်။

၄. ကျော်ကျော်သည် အေးမြနှင့် ငယ်စဉ်ကတည်းက ရင်းနှီးခဲ့ကြပြီး အေးမြ နိုင်ငံခြားရောက်နေချိန်တွင် အေးမြအမေနေမကောင်းသည့်အခါ အိမ်တိုင်ရာရောက်သွား၍ အားပေးကူညီတတ်သော အေးမြ၏မိတ်ဆွေကောင်းတစ်ဦးဖြစ်ပေသည်။

[Answer: ၄]

(2) အေးမြနှင့် ပတ်သက်၍ မှန်သောစာပိုဒ်ကို ရွေးပါ။

၁. အေးမြသည် ကျန်မာရေးမကောင်းသည့် အမေအားပစ်ထား၍ နိုင်ငံခြားကိုထွက်သွားခဲ့ပြီး ထက်ထက်မြက်မြက်ရှိသည့် ပညာတတ်တစ်ဦးပင် ဖြစ်သော်လည်း မိဘအပေါ်တွင် ကျေးဇူးကန်းသူဖြစ်လေသည်။
၂. အေးမြသည် အရာရာတွင် ကိုယ့်အားကိုယ်ကိုးတတ်သော သွက်လက်ချက်ချာသည့် မိန်းကလေးတစ်ဦးဖြစ်သည်။သူငယ်ချင်းအားလုံးကလည်း အေးမြ၏အရည်အချင်းကို အသိအမှတ်ပြု ဂုဏ်ယူကြသည်။
၃. အေးမြသည် နိုင်ငံခြားတွင်အောင်မြင်နေသော်လည်း ကျော်ကျော့်အပေါ်တွင် အမြဲလိုလို နိုင့်ထက်စီးနင်းပြု၍အမေအပေါ်တွင်လည်း တာဝန်မကျေသော စိတ်ဓာတ်ညံ့ဖျင်းသူဖြစ်သည်။
၄. အေးမြသည် ကျော်ကျော်နှင့် အတူတူကြီးပျင်းလာခဲ့ပြီး အရွယ်ရောက်သောအခါ တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးလှသဖြင့် အနောက်နိုင်ငံသို့ ခိုးရာလိုက်ပြေးသွားခဲ့သည်။

[Answer: ၂]

Copyright © MLT Association

## 3.2. Reading Part

### Reading Part 1

- This is a “fill in the blank” type of question.
- You need to choose the suitable word for the blank.
- The sentence types are formal written style.
- Formal styles are those which can be seen in newspapers, news, journals, literature and so on.
- So you need to know all the M4 vocabularies to be able to answer this question.
- You also need to understand the sentences.
- You need to know colligation (fixed expressions) and collocation (word partners).
- The answer can be verbs, nouns, adjectives, adverbs or grammar points.

Example:

1

**1 သင့်တော်သော စကားလုံးကို ကွက်လပ်တွင်ဖြည့်ပါ။**

(1) လူတစ်ဖက်သားကို (    ) ပြုမူပြောဆိုလျှင် ရိုင်းသည်ဟု သတ်မှတ်ကြသည်။

၁. မနာလိုဝန်တို    ၂. မဆိုင်းမတွ    ၃. နည်းနည်းစီ    ၄. မချေမငံ

(2) မိုးချုန်းပြီး (    ) သောအခါ မောင်မောင်သည် အိမ်ထဲသို့ ဝင်ပြေးလေသည်။

၁. လျှပ်စီးလက်    ၂. မိုးခေါင်    ၃. မိုးခို    ၄. မိုးအေး

(1) [Answer 4]
(2) [Answer 1]

Copyright © MLT Association

## Reading Part 2

- This part contains two sets of reading parts which are (2-1) and (2-2).
- Each part has 3 questions.
- Question (2-1) is a spoken style paragraph and there will be one question and four sentence choices related to the spoken style paragraph.
- Question (2-1) is a formal written style paragraph and there will be one question and four sentence choices related to the formal written style paragraph.
- You need to read the paragraph carefully and then choose the suitable answer.
- You need to know the vocabulary for the spoken and written style of Burmese.

Example:

**2**

**2 ပေးထားသောစာပိုဒ်များကို ဖတ်၍ စာပိုဒ်တစ်ပိုဒ်စီ၏ ဆိုလိုရင်းကိုရွေးပါ။**

2-1.

(1) မောင်ကောင်း ။ ။ " စည်သူ ၊ အခုလို ခေါင်းငိုက်စိုက်ပြီး ထိုင်မနေပါနဲ့ကွာ။ မင်းအမေကို မင်းအစစအရာရာ အကောင်းဆုံး ဂရုစိုက်ခဲ့တာငါတို့အားလုံးအသိပါပဲ။ လူဆိုတာ တစ်နေ့တော့ သေကြရမှာချည်းပါပဲ။ မင်းအမေအတွက် မင်းက ကျေးဇူးသိတတ်တဲ့ သားလိမ္မာတစ်ယောက်လည်း ဖြစ်ခဲ့ပါတယ်။ ထိုင်မှိုင်မနေဘဲ မင်းအမေရှိတုန်းကလို တက်တက်ကြွကြွ ပြန်နေပါကွာ။ "

---------- စာပိုဒ်နှင့် ပတ်သက်၍မှန်သော စာကြောင်းကို ရွေးပါ။

၁.မောင်ကောင်းက စည်သူကို ဖူးဖူးမှုတ်ထားတယ်။

၂. မောင်ကောင်းက စည်သူကို နှစ်သိမ့်ပေးနေတယ်။

၃. စည်သူက လူတိုင်းအပေါ် မေတ္တာထား နိုင်တယ်။

၄. မောင်ကောင်းက စည်သူကို မျက်နှာလိုက်တယ်။

[Answer: 2]

Copyright © MLT Association

2-2

(1) မြန်မာနိုင်ငံမှာ အရေးပါတဲ့ စိုက်ပျိုးရေးကဏ္ဍဆိုရင် တက္ကသိုလ်တစ်ခုပဲရှိပေမယ့် စိုက်ပျိုးရေးသိပ္ပံ ၁၄ ကျောင်းအထိရှိတယ် ။ ဒါတောင်မှ တကယ်တမ်းပြောရရင် နည်းနေသေးတယ်။ စိုက်ပျိုးရေးသိပ္ပံက ဒီပလိုမာရလို့ ထူးချွန်ရင် စိုက်ပျိုးရေးတက္ကသိုလ် တက်ရောက်နိုင်ဖို့ လမ်းဖွင့်ပေးထားတာလည်း တွေ့ရတယ်။

---------- စိုက်ပျိုးရေးတက္ကသိုလ်ကို ဘယ်လိုတက်ရမလဲ။

၁. ဒီပလိုမာ မဖြေခင် တက်နိုင်တယ်။

၂. စိုက်ပျိုးရေးသိပ္ပံမှ တစ်ဆင့် တက်နိုင်တယ်။

၃. ဘွဲ့လွန်တစ်ခုခုရလျှင် တက်နိုင်တယ်။

၄. ဦးရာလူ တက်နိုင်တယ်။

[Answer: 2]

Copyright © MLT Association

## Reading Part 3

- This question is "fill in the blank" type questions in paragraphs.
- This part contains two sets of reading parts which are (3-1) and (3-2). Both are "fill in the blank" type questions and paragraphs are witten style.
- There will be 8 blanks in (3-1) and 7 blanks in (3-2).
- Firstly, read the paragraph carefully and try to fill up the most suitable word that is given in the choices.
- Do not forget to read the paragraph again if you filled all the blanks to make sure the usages are natural and correct.
- The blanks are usually about nouns, verbs, adverbs and adjectives.

Example:

**3 စာပိုဒ်များကို ဂရုတစိုက်ဖတ်ရှု၍ သင့်လျော်သော စကားလုံးဖြင့် ကွက်လပ်တွင်ဖြည့်ပါ။**

3-1

နောက်အပတ် ကျွန်တော်တို့ ကျောင်းမှာ နှစ် ၅၀ ပြည့် ----(1)---- အနေနဲ့ အခမ်းအနားတစ်ခု လုပ်ဖို့ရှိတယ်။ အဲ့ဒီပွဲမှာ ကျောင်းသားအားလုံး ----(2)---- ပါဝင်ကြမယ်။ ကျွန်တော်နဲ့ အိဖြူနဲ့ နှစ်ယောက်တွဲပြီး ----(3)---- ဖျော်ဖြေကြမယ်။ ----(4)----အချိန် မှာကျောင်းပြောင်းလာတဲ့ ကျောင်းသားအသစ်ကပင် ----(5)---- အကဖြင့် အများနှင့်မတူ ကွဲပြားအောင် ကပြမည်ဟူ၍ စိတ်အားထက်သန်နေပေသည်။ တချို့ကျောင်းသားတွေဆိုရင် ပွဲအတွက် ----(6)---- ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြတယ်လို့ ဆရာကြီးက ဝမ်းသာအားရ ပြောပြခဲ့သေးသည်။ ဆရာကြီးက ကျောင်းသားများအားလုံး ပျော်ပျော်ရွှင်ရွှင် ပါဝင်ကြရန် ----(7)---- ထားလေသည်။ အကောင်းဆုံးဖျော်ဖြေနိုင်သူကို ဆရာ ဆရာမများမှ ရွေးချယ်ပြီး ----(8)---- တွင် ဆုချမည် ဆိုသောကြောင့်အားလုံးက ခါတိုင်းထက် ပို၍ တက်ကြွနေကြသည်။

Copyright © MLT Association

(1) ၁.ဂုဏ်ပြုလွှာ ၂.ကျေးရွာအုပ်စု ၃. အထိမ်းအမှတ် ၄. နှီးနှောဖလှယ်ပွဲ

(2) ၁.တက်ညီလက်ညီ ၂.ကွဲကွဲပြားပြား ၃. တရုန်းရုန်း ၄. မထိတထိ

(3) ၁. မရပ်မနား ၂.များမကြာမီ ၃. များသောအားဖြင့် ၄. မကြာသေးမီက

(4) ၁.တန်ဆောင်တိုင်ပွဲ ၂. ဦးရွှေရိုးအက ၃. ပုသိမ်ထီး ၄. ဟာသမင်းသမီး

(5)၁.ခေတ်နောက်ပြန်ဆွဲ ၂.ခေတ်ပေါ် ၃. ခေတ်ကုန် ၄. ခေတ်နောက်ကျ

(6) ၁. ညစ်တီးညစ်ပတ် ၂.ညတွင်းချင်း ၃.ညကြီးမင်းကြီး ၄. ညလုံးပေါက်

(7) ၁. တိုက်တွန်း ၂.တီးတိုးပြော ၃. တားမြစ် ၄. တီတီတာတာပြော

(8) ၁. စားရိပ်သာ ၂.ငွေလွှဲစာချုပ် ၃. ဆုပေးပွဲ ၄. ငွေစက္ကူ

Answer:(1) [Answer: 3]
(2) [Answer: 1]
(3) [Answer: 1]
(4) [Answer: 1]
(5) [Answer: 2]
(6) [Answer: 4]
(7) [Answer: 1]
(8) [Answer: 3]

Copyright © MLT Association

## Reading Part 4.

- This question is about reading the paragraph and answering the question with formal burmese written style.
- Normally paragraphs are long and include 3 or 4 main parts. (introduction,body and conclusion)
- There are 5 questions related to the paragraph.
- Normally each main part of the paragraph has one question and the last question is sometimes asked for the overall information of the paragraph.
- Read the paragraph carefully because each main part has its main point and try to understand the paragraph overall.
- Need to know advanced usage of written style and complex sentence structure.
- Need to know all the M4 vocabularies and usage.

Copyright © MLT Association

Example

**4 အောက်ပါစာပိုဒ်ကို ဂရုတစိုက်နှင့်စွာ ဖတ်၍ မေးခွန်းများကိုဖြေပါ။**

ဥပဒေတစ်ခုကို အကြမ်းရေးသားပြုစုခြင်းကို ဥပဒေမူကြမ်းရေးဆွဲသည်ဟု ခေါ်သည်။ ထိုသို့ ဥပဒေမူကြမ်းရေးဆွဲသည့်အခါ ထိုဥပဒေ၏သဘောသဘာဝသည် ကိုယ့်ဓလေ့စရိုက်၊ ကိုယ့်ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေရှိရသည့်အပြင် တစ်ဖက်ကလည်း နိုင်ငံတကာ ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာကိုးကားရသည်။ မြန်မာနိုင်ငံတွင်မရှိသေးသော ဥပဒေမျိုးပြဋ္ဌာန်းမည်ဆိုလျှင် နိုင်ငံတကာတွင် ပြဋ္ဌာန်းထားပြီးသော ဥပဒေပါပြဋ္ဌာန်းချက် အားလုံးနီးပါးကို ကိုးကားပြဋ္ဌာန်းရခြင်းမျိုး ရှိပေသည်။

နိုင်ငံတကာဥပဒေများသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဥပဒေမူကြမ်းရေးဆွဲပြုစုသည့် လုပ်ငန်းစဉ်များတွင် မြန်မာလိုတွေး၍ မြန်မာလို အရေးအသားများဖြင့် ရေး ရေးဆွဲပြုစုထားလျှင် ခက်ခက်ခဲခဲ သိပ်မရှိလှ။ ဥပဒေ၏ လိုရင်းအချက်အလက်များအားလုံး ပြည့် ပြည့်စုံနေလျှင် မြန်မာသဒ္ဒါမှန်၊ မမှန်စိစစ်ပြီး ဆိုလိုရင်းကို တိကျပြီးမှန်ကန်စေရန်နှင့် အရေးအသားများကို ဥပဒေပညာရှင်များ ပြင်ဆင်မွမ်းမံပေးကြသည်။ သို့သော် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေကို အကိုးအကားပြုရန် ဦးစွာ ယင်းဥပဒေ၏ အင်္ဂလိပ်လို ရေးသားထားချက်ကို မြန်မာဘာသာသို့ တိုက်ရိုက်ဘာသာပြန်ဆိုခြင်းများ ရှိသည်။ ထိုအခါ မြန်မာလိုအဓိပ္ပါယ် ရှင်းရှင်းလင်းလင်း မရှိ၊ ရှေ့နှင့်နောက် ဆက်စပ်၍မရဘဲ ဆိုလိုရင်းကို ဖတ်၍နားမလည်နိုင်ပဲ ဖြစ်သွားတတ်သည်။ ထိုအခါ ဘာသာပြန်ထားသည်ကို အခြေခံ၍ ဆိုလိုရင်းအဓိပ္ပါယ်ရောက်အောင် မြန်မာလိုတွေး၍ မြန်မာ မြန်မာစာအရေးအသားများဖြင့် ပြန်လည်ရေးသားပေးကြရသည်။

ဥပဒေမူကြမ်းများကို ဆွေးနွေးသည့်အခါ သက်ဆိုင်ရာဌာန အသီးသီးမှ ဥပဒေပညာရှင်များ၊ အကြံပေးများ စသဖြင့် လူအများအပြားပါဝင်ကြသည်။ ထူးခြားချက်တစ်ခုပြောရလျှင် သူတို့သည် အင်္ဂလိပ်ဘာသာစကားဖြင့် ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုတတ်ကြသဖြင့် အင်္ဂလိပ်စကားလုံးများကို ကြားညှပ်ကာ ပြောဆိုလေ့ရှိကြသည်။တချို့ဆိုလျှင် " မြန်မာလို ဘယ်လိုပြောရမယ်တော့ မသိဘူး" ဆိုပြီး အင်္ဂလိပ်ဘာသာဖြင့် ပြောလေ့ရှိကြသည်။ ထိုသို့ အမြဲလိုလို ကြုံတွေ့နေရသောအခါ " သြော် မြန်မာစကားပြောကြဖို့၊ မြန်မာစာရေးတတ်ကြဖို့ အားနည်းမှုတွေ ဖြစ်နေကြပါပြီလား" ဟူ၍ မြန်မာစာပေ၏ အနာဂတ်ကိုတွေးမိကာ ကျွန်တော့်စိတ်ထဲတွင် မတင်မကျနှင့် စိတ်ပူမိ ပါတော့သည်။

Copyright © MLT Association

(1) ဥပဒေမူကြမ်းရေးသည့် အခါ ရေးဆွဲသည့်နိုင်ငံသဘောသဘာဝနှင့် မည်ကဲ့သို့ ဖြစ်နေရမည်နည်း။

၁. ကိုက်ညီမှုရှိရမည်။

၂. ချွတ်ချော်နေရမည်။

၃. တန်ပြန်မှုရှိရမည်။

၄. ထိုက်တန်နေရမည်။

(2) ဥပဒေသစ်တစ်ခု မပြဋ္ဌာန်းမီ နိုင်ငံတကာဥပဒေများကို ဦးစွာ မည်ကဲ့သို့ လုပ်ရသနည်း။

၁. ဆွေးနွေးငြင်းခုံရသည်။

၂. ကိုင်တွယ်ဖြေရှင်းရသည်။

၃. ကောက်နုတ်လေ့လာရသည်။

၄. ဝင်ရောက်စွက်ဖက်ရသည်။

(3) ဥပဒေများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ တိုက်ရိုက်ဘာသာပြန်လျှင် မည်သို့ ဖြစ်သွားတတ်သနည်း။

၁. အခက်အခဲ ထွေထွေထူးထူးမရှိတတ်ပါ။

၂. စာလုံးပေါင်းသတ်ပုံများ မှားတတ်သည်။

၃. အရေးအသား ကျစ်လစ်သွားသည်။

၄. ဆိုလိုရင်း မပေါ်လွင်ဘဲ ဖြစ်တတ်သည်။

Copyright © MLT Association

(4) ဆွေးနွေးပွဲတွင် မည်သူတွေက မြန်မာစကားပြောရာတွင် အင်္ဂလိပ်လို ထည့်ပြောသလဲ။

၁. ဝန်ကြီးချုပ်များ

၂. တာဝန်ရှိ ပုဂ္ဂိုလ် အများစု

၃. ခေါင်းသူကြီး

၄. ဂိုဏ်းချုပ် အနည်းစု

(5) မြန်မာနိုင်ငံသားများအနေနှင့် မြန်မာစာ အားနည်းခြင်းကို စာရေးသူက မည်ကဲ့သို့ ခံစားရသလဲ။

၁. စိုးရိမ်မကောင်းဖြစ်နေသည်။

၂. ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။

၃. ပေါ့ပေါ့တန်တန်ပင် ဖြစ်သည်။

၄. ဒေါကြီးမောကြီးဖြစ်နေမိသည်။

Answer:(1) [Answer: 1]
(2) [Answer: 3]
(3) [Answer: 4]
(4) [Answer: 2]
(5) [Answer: 1]

Copyright © MLT Association